ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ
# လွှဲအပ်မှုအမှတ် ၁/၁၉၄၈
# အမှုအကြောင်းလေ့လာတင်ပြခြင်း


စာတမ်းပြုစုသူ- ဦးကျော်ဇေယျ

ညွှန်ကြားရေးမှူး၊ တရားရေးဌာန

ဒေါ်အေးအိအိခိုင်

ဒုတိယဦးစီးမှူး၊ တရားစီရင်ရေးဌာနခွဲ


၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လွှဲအပ်မှုအမှတ် ၁/၁၉၄၈ အမှုအကြောင်းလေ့လာတင်ပြခြင်း

**အမှုအကြောင်းအရာအကျဉ်းချုပ်**

| | |
|---|---|
| **အမှုအမှတ်** | - ၁၉၄၈ ခုနှစ်၊ လွှဲအပ်မှု (Special Reference) အမှတ် ၁ |
| **အမှုဆုံးဖြတ်သည့်ရုံး** | - တရားလွှတ်တော်ချုပ် (The Supreme Court of the Union of Burma) |
| **တင်သွင်းသည့်ရက်စွဲ** | - ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် |
| **ဆုံးဖြတ်ချက်ချမှတ်သည့်ရက်စွဲ** | - ၁၉၅၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက် |
| **အမှုကြာချိန်** | - ၃ နှစ်၊ ၇ လ နှင့် ၂၃ ရက် (၁၃၂၈ ရက်) |
| **တင်သွင်းသူ** | - နိုင်ငံတော်သမ္မတ (ယာယီသမ္မတစဝ်ရွှေသိုက်) |
| **အမှုတွင်ပါဝင်သူများ (တင်သွင်းခံရသူများ)** | - ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်နီပြည်နယ်အစိုးရအဖွဲ့များ |
| **တင်သွင်းသူအတွက်** | - နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်း (ကိုယ်စား ဒုတိယရှေ့နေချုပ် ဦးချန်ထွန်းအောင်) အစိုးရရှေ့နေ ဦးဘစိန် |
| **တင်သွင်းခံရသူများအတွက်** | -ပြည်နယ်များအတိုင်ပင်ခံအရာရှိ ဝတ်လုံတော်ရ- ဦးမြင့်ထူး လွှတ်တော်ရှေ့နေ - မစ္စတာ ပီ-ကေ-ဘာဆူး |
| **အမှုလက်ခံသည့်တရားသူကြီး** | - တရားဝန်ကြီးချုပ် ဒေါက်တာဘဦး |
| **အမိန့်ချမှတ်သည့်တရားသူကြီး** | - တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၊ တရားဝန်ကြီး ဦးမြင့်သိန်း နှင့် တရားဝန်ကြီး ဦးမောင် |

အမှုအကြောင်းအရာအကျဉ်းချုပ်မှာ နိုင်ငံတော်သမ္မတက ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ ပါလီမန်က ပြုလုပ်လိုက်သော ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀) သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ်များတွင် အာဏာ တည်သည် - မတည်သည် ဆိုခြင်းအပေါ် ဆုံးဖြတ်ပေးရန် တရားလွှတ်တော်ချုပ်သို့ လွှဲအပ်သောအမှု ဖြစ်ပါသည်။

ယခင် လွတ်လပ်ရေးရပြီးကာလတွင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် တရားစီရင်ရေးကဏ္ဍ၏ အမြင့်ဆုံးတရားရုံးဖြစ်သည့် တရားလွှတ်တော်ချုပ် (Supreme Court) ကို အာဏာအပ်နှင်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး/ခုံရုံး ဖွဲ့စည်းခဲ့ခြင်းမရှိပါ။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံ

ဥပဒေဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းဆုံးဖြတ်ရာတွင် နိုင်ငံတော်တရားဝန်ကြီးချုပ် (Chief Justice of the Union) ကသာ ကျင့်ထုံးသတ်မှတ်ဆောင်ရွက်ခဲ့ပြီး သီးခြားကျင့်ထုံးပြဋ္ဌာန်းဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ယခုလက်ရှိ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာသက်ဝင်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို သီးခြားအာဏာအပ်နှင်းခဲ့ပါသည်။ ခုံရုံး၏ လုပ်ထုံးလုပ်နည်းများကို ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရသဖြင့် ကျင့်ထုံးသတ်မှတ်ထားရှိကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်သမ္မတ၏ လွှဲအပ်လွှာတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

"နိုင်ငံတော်တရားဝန်ကြီးချုပ်ထံသို့ အကြောင်းကြားအပ်ပါသည်၊

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကို ရယူလောက်အောင် ပြည်သူများအတွက် အရေးကြီးသော ဥပဒေကြောင်းဆိုင်ရာ အောက်ပါပြဿနာတစ်ရပ်ပေါ်ပေါက်လာသည်ဟုလည်းကောင်း၊ ပေါ်ပေါက်ရန်အကြောင်းရှိသည်ဟုလည်းကောင်း ထင်မြင်ယူဆပါသဖြင့် ထိုပြဿနာကို စဉ်းစားရန် တရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပါသည်။ တရားလွှတ်တော်ချုပ်က လျော်ကန်သင့်မြတ်သည့်အတိုင်း ကြားနာစစ်ဆေးပြီးနောက် အစီရင်ခံစေလိုပါသည်။

ပါလီမန်က ပြုလိုက်သော ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀) သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ်များတွင် အာဏာတည်သည် - မတည်သည်။"

**အငြင်းပွားဥပဒေနှင့် ဖြစ်ပွားရသည့်အကြောင်းရင်း**

အငြင်းပွားသည့်ဥပဒေနှင့် အမှုစတင်ပေါ်ပေါက်လာရခြင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လွတ်လပ်ရေးမရမီက မြေယာပိုင်ဆိုင်မှုမှာ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ပိုင်ဆိုင်သူများရှိသကဲ့သို့ လယ်မြေအများအပြားပိုင်ဆိုင်ပြီး သူရင်းငှား၊ သီးစားချထားခြင်း စသည်ဖြင့် လုပ်ကိုင်သူများလည်း ရှိသည်။ ထို့ပြင် စိုက်ပျိုးစရိတ်ငွေကြေးမတတ်နိုင်သဖြင့် ချစ်တီးများထံမှ ငွေချေးယူပြီး စိုက်ပျိုးဆောင်ရွက်ရသည်။ စပါးပေါ်သည့်အချိန်တွင် အမြတ်ကြီးစားများ၏ ချုပ်ကိုင်မှုကြောင့် စပါးဈေးကောင်းမရသဖြင့် အရှုံးပေါ်မှုများလည်းရှိသည်။ လယ်သမားအများစုမှာ ချေးယူငွေကို မဆပ်နိုင်ဘဲ အတိုးပေါ် အတိုးဆင့်ကာ လယ်ယာမြေများ အများအပြား ဆုံးရှုံးရသည်။ ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများသည် လယ်ပိုင်အဖြစ်မှ မြေရှင်များထံ သီးစားခပေး၍ လုပ်ကိုင်ကြရသည်။

ယင်းအချိန်ကာလက လယ်ယာမြေကို လွတ်လပ်စွာ ပိုင်ဆိုင်ခွင့်ရှိပြီး လယ်ယာမြေကို လွတ်လပ်စွာရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အလဲအထပ်ပြုခြင်း၊ ပေးကမ်းခြင်းများ စသည့် လွှဲပြောင်းခြင်းများပြုနိုင်ပြီး လယ်ယာမြေကို အမွေဆက်ခံခွင့်လည်းရှိသည်။ ထိုစဉ်က လယ်ယာမြေ အများအပြားပိုင်ဆိုင်သူများမှာ တိုင်းရင်းသားများနည်းပြီး နိုင်ငံခြားသားများကသာ အများဆုံး ပိုင်ဆိုင်ကြသည်။ ၎င်းတို့မှာ ကိုယ်တိုင်လယ်ယာလုပ်ကိုင်သူများမဟုတ်ကြဘဲ လယ်ယာမြေများမှ အကျိုးအမြတ်ရယူသူများသာ ဖြစ်ကြသည်။ ဤသို့ လယ်ယာမလုပ်ကိုင်သူ ငွေရှင်ကြေးရှင်များ လက်ထဲသို့ လယ်ယာမြေများ ရောက်နေခြင်းကြောင့် တောင်သူလယ်သမား အများစုသည် သီးစားခကြီးမြင့်လွန်း၍ လယ်ယာကို စွဲမြဲစွာမလုပ်ကိုင်နိုင်ခြင်း၊ လက်ငုတ် လယ်ယာလက်မဲ့ဖြစ်ရခြင်း၊ ကြွေးမြီတင်ခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်ကြရသည်။ ၎င်းပြဿနာအရပ်ရပ်ကို ဖြေရှင်း၍ "လယ်လုပ်သူသာလယ်ပိုင်ရမည်"ဟူသော သဘောတရားအရ လည်းကောင်း၊ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၀ အရ "နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။" ဟူသော ပြဋ္ဌာန်းချက်အရလည်းကောင်း၊ လယ်မလုပ် သူတို့ ပိုင်ဆိုင်သည့် လယ်ယာများကို ပြန်လည်သိမ်းယူ၍ အမှန်တကယ်လယ်ယာလုပ်ကိုင် သူတို့အား ခွဲဝေပေးရန် ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ၄-၁၁-၁၉၄၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

ယင်းသို့ ပြဋ္ဌာန်းခဲ့ရာ ပြည်ထောင်စုဥပဒေပြုစာရင်း၊ အမှတ်စဉ် ၅ (၂၉) တွင် -

**"မြေရှင်နှင့် သီးစားတို့ဆက်ဆံရေး၊ မြေငှားခတောင်းခံရေးတို့ ပါဝင်သော မြေယာပိုင်ခွင့် စနစ် စည်းမျဉ်းသတ်မှတ်ရေး၊ မြေယာလွှဲပြောင်းခြင်း၊ မြေယာစွန့်လွှတ်ခြင်း၊ မြေယာဆက်ခံစေ ခြင်းများ"** ဟု ဖော်ပြထားပြီး၊

ပြည်နယ်ဥပဒေပြုစာရင်း၊ အမှတ်စဉ် ၂ (၃) တွင် -

**"မြေယာ၊ မြေခွန်တော်၊ မြေယာတိုးတက်ကောင်းမွန်ရေးနှင့် လယ်ယာအမတော်ကြေးများ - - -"** ဟု ဖော်ပြထားသည့်အတွက် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ် အစိုးရများ က ပြည်နယ်ဥပဒေစာရင်းအရ မြေယာနှင့်ပတ်သက်၍ ပြည်နယ်များတွင် ဥပဒေပြုခွင့်ပေးထား သည် ဟုလည်းကောင်း၊ ပြည်နယ်များရှိ မြေယာများကို ပြည်နယ်များကသာ ပိုင်ဆိုင်သည် ဟု လည်းကောင်း ယူဆကြ၍ ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေသည် ပြည်နယ်များတွင် အာဏာမတည်ကြောင်း တင်ပြလာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အမှုလက်ခံဆောင်ရွက်ပုံအဆင့်ဆင့်**

ယခင်က နိုင်ငံတော်သမ္မတထံမှ လွှဲအပ်လွှာကို တရားလွှတ်တော်ချုပ် အတွင်းဝန်မှ လက်ခံ ပြီး အမှုဖွင့်သည်။ ထို့နောက် တရားဝန်ကြီးချုပ်ထံ တင်ပြသည်။

ယခုလက်ရှိတွင် ခုံရုံးနည်းဥပဒေ ၆ အရ တင်သွင်းလွှာကို ညွှန်ကြားရေးမှူး (တရားရေး) က လက်ခံသည်။ ညွှန်ကြားရေးမှူးက နည်းဥပဒေ ၄ ပါ အချက်များ ပြည့်စုံမှု ရှိ မရှိ ရုံးတွင်းမှတ်စု ရေးသား၍ တင်သွင်းလွှာအား ညွှန်ကြားရေးမှူးချုပ်ထံ ချက်ချင်းပေးပို့တင်ပြရသည်။ ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေ ၇ အရ တင်သွင်းသူနှင့် တင်သွင်းလွှာပါ အထောက်အထားများကို စိစစ်ပြီး တင်သွင်းလွှာမှတ်ပုံတင်စာရင်းစာအုပ်တွင် ဖြည့်သွင်းရသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ပုံစံ (၁) ကို ဖြည့်သွင်း၍ တင်သွင်းလွှာကို ဥက္ကဋ္ဌထံ တင်ပြရသည်။

အမှုမှာ နိုင်ငံတော်သမ္မတက လွှဲအပ်ခြင်းဖြစ်၍ တင်သွင်းခံရသူကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ တရားဝန်ကြီးချုပ်မှ အကျိုးသက်ဆိုင်သူများဖြစ်သည့် နိုင်ငံတော်အတွက် နိုင်ငံတော်ရှေ့နေချုပ်၊ ပြည်နယ်များအတွက် ပြည်ထောင်စုအတွင်းဝန်ချုပ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်နီပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူးများထံ တရားဝန်ကြီးချုပ်က သုံးသပ်ဆုံးဖြတ်ပြီး နို့တစ်စာပေးပို့အကြောင်းကြားသည်။

ယခုလက်ရှိတွင် တင်သွင်းလွှာကို စိစစ်ရန် ဥက္ကဋ္ဌက ခုံရုံးဥပဒေ ပုဒ်မ ၁၈၊ နည်းဥပဒေ ၈ တို့အရ အဖွဲ့ဝင် (၃) ဦးပါဝင်သည့် စိစစ်ရေးအဖွဲ့ကို ပုံစံ (၂) ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ရသည်။ စိစစ်ရေးအဖွဲ့က ပုဒ်မ ၁၉ (က)၊ နည်းဥပဒေ ၉ (က) တို့အရ တင်သွင်းလွှာကို စိစစ်ရသည်။ အထောက်အထားလိုအပ်ပါက လိုအပ်ချက်များကို သတ်မှတ်ချိန်အတွင်း တင်ပြစေရန် ပုံစံ (၃) ဖြင့် တင်သွင်းသူထံ အကြောင်းကြားရသည်။ ထို့နောက် စိစစ်ရေးအဖွဲ့က ပုဒ်မ ၁၉ (ခ)၊ နည်းဥပဒေ (၁၀) တို့အရ ပြန်လည်ရှင်းလင်းရမည့် သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သည့် ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းရှိပါက ရှင်းလင်းလွှာ တင်သွင်းရန် ပုံစံ (၄) ဖြင့် အကြောင်းကြားရသည်။

ယခင်က အမှုကို တရားဝန်ကြီးချုပ် ဒေါက်တာဘဦးနှင့် တရားလွှတ်တော်ချုပ်တရားဝန်ကြီး ဦးကျော်မြင့်နှင့် ဦးဇမောင်တို့ ပါဝင်သည့် ခုံအဖွဲ့ဖြင့် အမှုနှင့်သက်ဆိုင်သူများအား ခေါ်ယူခြင်း၊ နှစ်ဘက်မှတင်ပြသည့် အချက်အလက်များ (Statement of Facts) ကို လက်ခံခြင်း၊ ကောက်ချက်ထုတ်ခြင်းများကို ဆုံးဖြတ်ဆောင်ရွက်သည်။

ယခုလက်ရှိခုံရုံးတွင် စိစစ်ရေးအဖွဲ့က လိုအပ်ချက်များ ပြည့်စုံသည့်အခါ ပုဒ်မ ၁၉ (ဂ) နှင့် နည်းဥပဒေ (၁၄) တို့အရ စိစစ်ရေး အဖွဲ့ဝင်များက လက်မှတ်ရေးထိုးထားသည့် ပုံစံ (၅) နှင့်အတူ တင်သွင်းလွှာ အမှုတွဲကို ဥက္ကဋ္ဌထံ တင်ပြရသည်။ ဥက္ကဋ္ဌက နည်းဥပဒေ ၁၅ အရ ကြားနာဆုံးဖြတ်နိုင်ရန်အတွက် ခုံရုံးဖွဲ့စည်းမိန့် (ပုံစံ-၆) ကို လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်အားလုံးသို့ ပေးပို့ရသည်။

ယခင်ကအပြီးသတ်ကြားနာသည့်အချိန်တွင် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၊ တရားလွှတ်တော်ချုပ်တရားဝန်ကြီး ဦးမြင့်သိန်းနှင့် ဦးဇမောင်တို့ ကြားနာသည်။ လျှောက်လဲချက်ပေးသူ

များမှာ နိုင်ငံတော်အတွက် ရှေ့နေချုပ် ဦးချန်ထွန်း၊ ပြည်နယ်များအတွက် ဝတ်လုံတော်ရ ဦးမြင့်ထူးနှင့် မစ္စတာ ပီ-ကေ-ဘာဆူးတို့ ဖြစ်ကြသည်။

ယခုခုံရုံး၌ ကြားနာရာတွင် ပုဒ်မ ၂၀ နှင့် နည်းဥပဒေ ၁၆ တို့အရ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များအားလုံးက ကြားနာရသည်။ အဖွဲ့ဝင်အားလုံး တက်ရောက်နိုင်ခြင်းမရှိပါက ဥက္ကဋ္ဌ အပါအဝင် အနည်းဆုံး (၆) ဦးဖြင့် ကြားနာရသည်။

ယခင်က စီရင်ချက်ချမှတ်သည့်အချိန်တွင် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၊ တရားဝန်ကြီး ဦးမြင့်သိန်းနှင့် ဦးဇမောင်တို့ ရုံးထိုင်ပြီး စီရင်ချက်ကို တရားဝန်ကြီးချုပ် ကိုယ်တိုင် ချမှတ်သည်။

ယခုခုံရုံးတွင် ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ရက်ကို ပုဒ်မ ၂၂ (ခ) နှင့် နည်းဥပဒေ ၁၉ တို့အရ ပုံစံ (၈) ဖြင့် ထုတ်ပြန်ကြေညာသည်။ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် ပုဒ်မ ၂၂ (က) နှင့် နည်းဥပဒေ ၂၀ (က) တို့အရ တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးခြင်းကို ဥက္ကဋ္ဌက ကြီးမှူး၍ ဆောင်ရွက်ရသည်။ ပုဒ်မ ၂၂ (ဂ) အရ ခုံရုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောထားကို ခုံရုံး၏ ထက်ဝက်ကျော်သဘောတူညီချက်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၂ (ဃ) အရ ခုံရုံး၏ ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့်လည်းကောင်း ချမှတ်ရသည်။ ထို့နောက် ပုဒ်မ ၂၂ (င) အရ ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ အများပြည်သူရှေ့မှောက်တွင် ဖတ်ကြားရသည်။

အမှုတွင် အမှုနှင့်သက်ဆိုင်သည့် ပြည်နယ် (၃) ခုမှ သက်ဆိုင်သူများထံ အကြောင်းကြားစာ ပေးပို့သည့်အဆင့်၌ “နတ်တုကွတ်တိုင်း ချစ်တီးယားအသင်းအဖွဲ့” မှ ၎င်းတို့ အသင်းအဖွဲ့ ကိုယ်စား လွှတ်တော်ရှေ့နေများဖြစ်ကြသော မစ္စတာ ပီ-ကေ-ဘာဆူးနှင့် ဗင်ကာထရန်တို့အား အမှုတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုပါရန် တရားလွှတ်တော်ချုပ်သို့ လျှောက်ထားကြောင်း တွေ့ရသည်။ ၎င်းတို့က ၎င်းတို့၏ အသင်းအဖွဲ့ဝင်များစွာသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့တွင် မြေယာများစွာ ပိုင်ဆိုင်ထားကြသည့်အတွက် ယခုဖြစ်ပွားသည့် ပြဿနာအပေါ် အလွန်တရာ စိတ်ဝင်စားကြသဖြင့် အမှုတွင် ပါဝင်လျှောက်လဲခွင့်ပြုပါရန် အောက်ပါအတိုင်း အကြောင်းပြ၍ လျှောက်ထားကြခြင်း ဖြစ်သည်။

“1. The applicant Association understand that the Hon’ble the President of the Union or Burma has referred for the opinion of this Hon’ble Court the question whether the Burma Land Nationalisation Act is a valid enactment or not., so far as Shan States, Kachin State and Karenni States are concerned.

2. Many members of the applicant Association are deeply interested in this vital question as they own lands in those states and they want to appear before this Hon’ble

Court through their advocates Messrs. Basu & Venkatram and place before the Court the legal position on this point.

WHEREFORE the applicant prays that this Hon'ble Court may be pleased to give permission for their advocates Messrs. Basu & Venkatram to appear in the reference proceedings and place their arguments before this Hon'ble Court on this point.

AND SHALL EVER PRAY."

လျှောက်လွှာတင်သွင်းသည့်အပေါ် တရားသူကြီးချုပ်က (၂၆-၁၁-၁၉၄၈) ရက်စွဲပါ နေ့စဉ်မှတ်တမ်းတွင် ယခုလွှဲအပ်မှုသည် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်များအကြား ပေါ်ပေါက်ခြင်းဖြစ်၍ အခြားလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက အမှုသည်အဖြစ်ပါဝင်နိုင်ခြင်းမရှိကြောင်း၊ မစ္စတာ ပီ-ကေ-ဘာ-ဆူးကို ရုံးတော်သဟာယ (Amicus Curiae) အဖြစ်ထည့်သွင်းရန်အတွက် နောင်တွင် စဉ်းစားမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်။

"The matter under reference is between the Union Govt: and the states and so no private person or association can be made a party to this reference. Application is refered. We may, however, consider the question later as to whether we shall ask Mr. P.K Basu to appear before us as Amicus Curiae."

ထို့နောက် (၂၃-၆-၅၂) ရက်စွဲပါ နေ့စဉ်မှတ်တမ်းတွင် နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်းက ချစ်တီးယားအသင်းအဖွဲ့၏ လျှောက်လွှာအရ မစ္စတာ ပီ-ကေ-ဘာ-ဆူးကို ရုံးတော်သဟာယအဖြစ် မထည့်သွင်းသင့်ကြောင်း ကန့်ကွက်တင်ပြရာ မစ္စတာ ပီ-ကေ-ဘာ-ဆူးကလည်း ၎င်းအား ရုံးတော်သဟာယအဖြစ် ထည့်သွင်းမည်ဆိုပါက တရားမျှတမှုရှိမည်မဟုတ်ကြောင်း ဝန်ခံပြီး ၎င်းအား ပြည်နယ်များကိုယ်စားလိုက်ပါဆောင်ရွက်ခွင့်ပြုပါရန်တင်ပြကြောင်း အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

"U Myint Too & Mr. G. Gangooly for the States U Chan Htoon. A.G., for the Union of Burma.

A.G. objects to Mr. P.K. Basu as Amicus Curiae in view of a previous application made by him.

Mr. Ba su admits that it may not be fair for him to appear as Amicus Curiae but informs the Court that he has been engaged to appear on behalf of the States."

သို့ဖြစ်၍ လွှတ်တော်ရှေ့နေ မစ္စတာ ဘီ-ကေ-ဘာဆူး သည် ပြည်နယ်များကိုယ်စား လိုက်ပါဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယခင်က လွှဲအပ်လွှာအမှုတွင် လွှဲအပ်သူ၊ သက်ဆိုင်သူများအပြင် ရုံးတော်သဟာယအဖြစ် ထည့်သွင်း နိုင်ကြောင်း တွေ့ရသည်။

ယခုခုံရုံးဥပဒေ ပုဒ်မ ၃၄ အရ ခုံရုံးသည် လိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ကို ရုံးတော်သဟာယအဖြစ် ဖိတ်ကြားနိုင်ကြောင်း တွေ့ရသည်။

ထို့ပြင် ပြည်နယ်များအတွက် လိုက်ပါဆောင်ရွက်သည့် ပြည်နယ်များ၏ အတိုင်ပင်ခံအရာရှိ ဦးမြင့်ထူးက အချက်အလက်များတင်ပြရာတွင် ပြည်နယ်များ၏ မြေယာပိုင်ဆိုင်မှုပုံစံနှင့် မြေယာပိုင်ခွင့်စနစ်များ ကွဲပြားမှုကို ရှင်းလင်းစေရန်အတွက် လိုအပ်ပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဘနီ၊ ကချင်ပြည်နယ်ဝန်ကြီး ဆမားဒူးဝါးဆင်ဝါနောင်နှင့် ကရင်နီပြည်နယ် အတွင်းရေးမှူး ဦးပိုလတ်တို့အား စစ်ဆေးနိုင်ကြောင်း တင်ပြသည်။

ရုံးတော်မှလည်း လျှောက်လဲချက်ကြားနာပြီး လိုအပ်ပါက ကျွမ်းကျင်သူများအား စစ်ဆေးမည်ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ သို့သော် သက်သေများအား စစ်ဆေးခဲ့ခြင်းမရှိပါ။

ခုံရုံးတွင်လည်း ခုံရုံးဥပဒေ ပုဒ်မ ၂၁ ( င) နှင့် နည်းဥပဒေ ၁၈ (က) တို့အရ ဘာသာရပ်ကျွမ်းကျင်သူ၏ သဘောထားနှင့် အကြံဉာဏ်ကို စာဖြင့်ဖြစ်စေ၊ နှုတ်သက်သေခံချက်ဖြင့်ဖြစ်စေ ရယူနိုင်ကြောင်း တွေ့ရှိရပါသည်။

**နှစ်ဖက်တင်ပြချက်များ (Statements)**

နိုင်ငံတော်သမ္မတအတွက် နိုင်ငံတော်ရှေ့နေချုပ်၏ တင်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

၁။ ပြည်ထောင်စုပါလီမန်သည် ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀ ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၃)၊ ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုရှိစေရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

၂။ အခန်း ၃ တွင် ဖော်ပြထားသည့် "နိုင်ငံတော်" ဟူသည့် စကားရပ်သည် ပြည်ထောင်စု၏ ဥပဒေပြုအာဏာပိုင်ကို ဆိုလိုသည်။

၃။ ပါလီမန်သည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တတိယဇယား၊ စာရင်း (၁) တွင် ဖော်ပြထားသော ကိစ္စရပ်အားလုံးအတွက် အကြွင်းမဲ့ဥပဒေပြုပိုင်ခွင့်ရှိပြီး

အထက်ပါစာရင်း အမှတ်စဉ် ၅ (၂၉) က ယခုလွှဲအပ်သည့်ဥပဒေကို ပါလီမန်က ဥပဒေပြုပိုင်ခွင့်ရှိကြောင်း အတိအလင်းအာဏာပေးအပ်ထားသည်။

၄။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၂ အရ ပါလီမန်သည် ပြည်ထောင်စုနိုင်ငံတစ်ဝန်းလုံးအတွက် ဥပဒေပြုပိုင်ခွင့်ရှိပြီး စာရင်း (၁) ပါ သီးခြားခေါင်းစဉ်များသည် စာရင်း (၂) တွင် ပါဝင်ခြင်းမရှိပါ။ အကြောင်းမှာ ပုဒ်မ ၉၂ (၁) နှင့် (၂) တို့၏ သီးခြားအာဏာများသည် အပြန်အလှန်ရောယှက်မှုမရှိခြင်းကြောင့် ဖြစ်သည်။

၅။ သို့ဖြစ်၍ ဤအက်ဥပဒေသည် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၃ အရ ပြည်နယ်များကို ချန်လှပ်ထားခြင်းမရှိဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်ပါသည်။

ပြည်နယ်များအတွက် ပြည်နယ်များ၏ အတိုင်ပင်ခံအရာရှိ ဝတ်လုံတော်ရ ဦးမြင့်ထူးက အောက်ပါအတိုင်း တင်ပြထားပါသည် -

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇) သည် အခြားအကြောင်းပြချက်များအနက် အောက်ပါအကြောင်းများကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်နယ်များတွင် အာဏာသက်ရောက်မှုမရှိ ဟု မှတ်ယူရမည် ဖြစ်ပါသည် -

၁။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်နီပြည်နယ်များ၏ မြေယာပိုင်ဆိုင်မှုအပေါ် ဥပဒေပြုပိုင်သည့်အာဏာသည် သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုကောင်စီများတွင်သာ ရှိပါသည်။ ပြည်ထောင်စုပါလီမန်တွင် ပြည်နယ်များရှိ မြေယာများကို ပိုင်ဆိုင်ခွင့်ရယူရန်နှင့် ယင်းတို့အပေါ် ဥပဒေပြုပိုင်ခွင့်အာဏာမရှိပါ။

၂။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၂ က ပြည်ထောင်စုဥပဒေပြုအဖွဲ့အစည်း (ပါလီမန်) နှင့် ပြည်နယ်ဥပဒေပြုအဖွဲ့အစည်း (ပြည်နယ်ကောင်စီ) များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တတိယဇယား၊ စာရင်း (၁) နှင့် (၂) တို့ပါ အကြောင်းကိစ္စများအတွက် သီးခြားစီ ဥပဒေပြုပိုင်ခွင့်အာဏာရှိကြောင်း ညွှန်ပြထားသည်။

၃။ ပြည်ထောင်စုဥပဒေပြုစာရင်း၊ အမှတ်စဉ် ၅ (၂၉) တွင် - "မြေရှင်နှင့် သီးစားတို့ဆက်ဆံရေး၊ မြေငှားခတောင်းခံရေးတို့ ပါဝင်သော မြေယာပိုင်ခွင့်စနစ် စည်းမျဉ်းသတ်မှတ်ရေး၊ မြေယာလွှဲပြောင်းခြင်း၊ မြေယာစွန့်လွှတ်ခြင်း၊ မြေယာဆက်ခံစေခြင်းများ" ဟု သီးသန့်ဖော်ပြထားပြီး ပြည်နယ်ဥပဒေပြုစာရင်း၊ အမှတ်စဉ် ၂ (၃) တွင် - "မြေယာ၊ မြေခွန်တော်၊ မြေယာတိုးတက်ကောင်းမွန်ရေးနှင့် လယ်ယာအမတော်ကြေးများ၊ စုပေါင်း၍ နေရာသစ်တည်ခြင်း၊ ကြွေးမြီအပေါင်အနှံမကင်းသော မြေယာပစ္စည်း အဆောက်အအုံများနှင့် ဝရမ်းအကပ်ခံရသော မြေယာပစ္စည်း အဆောက်အအုံများ၊ ရတနာသိုက်များ" ဟူ၍ ပိုမို ယေဘုယျကျကျ ဖော်ပြထားသည်။

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေဖြင့် ဆောင်ရွက်လိုသည့် ကိစ္စရပ်သည် ပြည်ထောင်စုဥပဒေပြုစာရင်းက ခွင့်ပြုသည့်အတိုင်းအတာကို ကျော်လွန်နေပြီး ယင်းကိစ္စရပ်အတွက် ဥပဒေပြုပိုင်ခွင့်မှာ ပြည်နယ်ကောင်စီတွင်သာ ရှိသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်နယ်များသည် ဖက်ဒရေးရှင်း (federation) အဖြစ် ပေါင်းစည်းထားပြီး ကမ္ဘာပေါ်ရှိ မည်သည့်ဖက်ဒရေးရှင်းတွင်မှ ဗဟိုဥပဒေပြုအာဏာပိုင်က ပေါင်းစည်းထားသည့် ပြည်နယ်များရှိ မြေယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများ ပြုနိုင်သည် ဟု သတ်မှတ်ထားသည့် သီအိုရီ မရှိချေ။

၅။ မြန်မာဘုရင်များလက်ထက်တွင်လည်းကောင်း၊ ဗြိတိသျှအုပ်စိုးစဉ်ကာလတွင်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်များ၏ နယ်နိမိတ်အတွင်းရှိ မြေယာများနှင့်ပတ်သက်၍ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကဲ့သို့သော ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ဖူးခြင်း မရှိပေ။

၆။ အကယ်၍ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို ပြည်နယ်များသို့ ချဲ့ထွင်အာဏာသက်ရောက်စေမည်ဆိုပါက ပြည်ထောင်စုရှိ မည်သည့်ပြည်နယ်တွင်မှ မြေယာအများအပြားပိုင်ဆိုင်မှုမရှိသည့်အတွက် အက်ဥပဒေ၏ ရည်ရွယ်ချက်မှာ ပျက်ပြားပေလိမ့်မည်။ အကြောင်းတစ်ရပ်အနေဖြင့် ပြည်နယ်များသည် စိုက်ပျိုးရေးတိုးချဲ့လုပ်ကိုင်ရန် ဆန္ဒရှိမည်ဆိုလျှင် ယခုလက်ရှိတည်ရှိနေသည့် မြေယာများထက် ပိုမိုကျယ်ပြန့်သည့် မြေယာပိုင်ဆိုင်လာမည်ဖြစ်ပါသည်။

၇။ ပြည်ထောင်စု၏ မတူညီသော ပြည်နယ်များတွင် မြေယာပိုင်ဆိုင်မှုပုံစံနှင့် မြေယာပိုင်ခွင့်စနစ်အမျိုးမျိုး ကွဲပြားခြားနားသည့်အလျောက် ယခုကိစ္စအတွက် ရှင်းလင်းရန် လိုအပ်သည်ဆိုပါက အောက်ပါသက်သေများအား စစ်ဆေးနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

(က) ဦးဘနီ၊ အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းဝန်ရုံး၊

(ခ) ဆမားဒူးဝါးဆင်ဝါနောင်၊ ကချင်ပြည်နယ်ဝန်ကြီး၊

(ဂ) ဦးပိုလတ်၊ အတွင်းရေးမှူး၊ ကရင်နီပြည်နယ်ဝန်ကြီးများရုံး၊

(အကယ်၍ ရုံးတော်မှ လိုအပ်ပါက နောက်ထပ်သက်သေများစာရင်းကို တင်ပြပါမည်။)

**လျှောက်လဲချက်များ**

(က) ပြည်နယ်များ၏ အတိုင်ပင်ခံအရာရှိ ဝတ်လုံတော်ရ ဦးမြင့်ထူးက ပြဿနာများကို ဖြေရှင်းကြရာတွင် တရားရုံးများသည် အခြေခံဥပဒေများကို သုံးသပ်ဝေဘန်ခြင်းမှ၎င်း၊ ထိုဥပဒေများ၏ အခြေခံသဘောများကို သုံးသပ်ဝေဘန်ခြင်းမှ၎င်း ရှောင်ရှား

နိုင်သမျှ ရှောင်ရှားကြသော အစဉ်အလာရှိကြောင်း။ သို့ဖြစ်၍ နိုင်ငံတော် ယာယီသမတက လွှဲအပ်သော၊ ပြဿနာကို ဖြေရှင်းရာတွင်၊ ဤရုံးတော်သည် လက်ဦးအစတွင်၊ ၁၉၄၈ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကိုသာလျှင် ကြည့်ရှု၍ ဆုံးဖြတ်သင့်ကြောင်း။ ထိုအက်ဥပဒေအရပင်လျှင်၊ ပါလီမန်သည် ၎င်းကို ပြည်နယ်များတွင် အာဏာတည်စေရန် မရည်ရွယ်ခဲ့ခြင်းသည် ထင်ရှားကြောင်း။ အဘယ့်ကြောင့်ဆိုသော်၊ ထိုအက်ဥပဒေ ပုဒ်မ ၃ တွင် (ဤအက်ဥပဒေအတည်ဖြစ်သည့်မှစ၍၊ ဇယား-၁- တွင် သီးခြားဖော်ပြထား၍ အဆိုပါဇယားနှင့် ပုဒ်မ ၄ တွင်ဖော်ပြရာပါ၊ အတိုင်းအတာရှိသော လယ်မြေများမှတပါး၊ အခြားလယ်ယာမြေများအားလုံးကို နိုင်ငံတော်က ပြန်သိမ်းယူလိမ့်မည်) ဟု ပါရှိရာ၊ မူလပိုင်ရှင်ကသာလျှင် ပြန်သိမ်းယူနိုင်မည်ဖြစ်သောကြောင့်တကြောင်း၊ ပြည်နယ်များရှိ လယ်ယာမြေများကို၊ ပြည်နယ်များကသာ ပိုင်ကြသောကြောင့်တကြောင်း ထိုအက်ဥပဒေပါ၊ ဇယား-၂- တွင်ဖော်ပြထားသော မြေမျိုး ပြည်နယ်များတွင်မရှိသောကြောင့်တကြောင်း၊ ဖြစ်ပါသည် ဟု လျှောက်ထားသည်၊

(ခ) ပြည်နယ်များအတွက် လိုက်ပါဆောင်ရွက်သူ လွှတ်တော်ရှေ့နေကြီး မစ္စတာ ပီ၊ ကေ၊ ဘာဆူးက “မြေယာ” သည် စာရင်း ၂၊ ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါနေသောကြောင့် မြေယာသိမ်းရန် ဥပဒေကို ပြည်နယ်ကောင်စီများကသာ ပြုလုပ်နိုင်ကြောင်း၊ ပြည်နယ်များက သိမ်းပြီး မြေများကို ဝေငှချထားရန်အတွက် (မြေယာပိုင်ခွင့်စနစ် စည်းမျဉ်းသတ်မှတ်ရေး) ဆိုင်ရာဥပဒေကိုမူကား ပါလီမန်ကသာ ပြည်နယ်များအတွက် ပြုလုပ်ပေးနိုင်ကြောင်း၊ CHARLES VS. The Queen 1581-82, L.R.7 A.C.P.829 စီရင်ထုံးတွင် အက်ဥပဒေတစ်ရပ်သည် မည်သည့်ဥပဒေပြုအဖွဲ့၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကျရောက်သည်ကို စီရင်ဆုံးဖြတ်ရာတွင် ထိုအက်ဥပဒေ၏ အဆီအနှစ် (Pith and Substance) ကိုသာ စိစစ်ရမည်ဖြစ်ကြောင်း၊ အကယ်၍ အဆီအနှစ်သည် ဥပဒေပြုအဖွဲ့တစ်ခု၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကျရောက်လျှင် အဖျားအနားက အခြားဥပဒေပြုအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာအတွင်း ကျူးကျော်ထိပါးငြိစွန်းသော်လည်း ထိုဥပဒေသည် အတည်ဖြစ်စေရမည် ဟူ၍ ပါရှိသည်။ ထို့ပြင် ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေသည် မြေယာပိုင်ခွင့်စနစ် စည်းမျဉ်းသတ်မှတ်ရေးအတွက်သာမဟုတ်ဘဲ ကိုယ်တိုင်မြေယာမလုပ်သူများ၏ ပိုင်ဆိုင်ခြင်းကို ဖျက်သိမ်းသောဥပဒေဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၀ (၂) အရလည်း မြေယာပိုင်ခွင့်စနစ်များကို စည်းမျဉ်းတကျဖြစ်စေခြင်း၊ လွှဲပြောင်းခြင်းသည်

တခြားမြေယာပိုင်ခွင့်စနစ်များကို ဖျက်သိမ်းခြင်းသည် တခြားဖြစ်ကြောင်း ထင်ရှားသည်။ သို့အတွက် ပါလီမန်မှာ ထိုအက်ဥပဒေကို ပြုလုပ်ရန် အာဏာမရှိကြောင်း၊ ဖရီဗီကောင်စီ၏ Attorney – General for Ontario vs. Attorney – General for the Distillers and Brewers' Association of Ontario, 1896 A.C.344 p.363 စီရင်ထုံးအရ အရာဝတ္ထုတစ်ခုခုနှင့်စပ်လျဉ်း၍ စနစ်စည်းမျဉ်းသတ်မှတ်ရာတွင် ထိုအရာဝတ္ထုကို ဖျက်ဆီး၍ မပစ်ရ၊ အကယ်၍ ထိုအရာဝတ္ထုကို ဖျက်ဆီး၍ပစ်ခဲ့လျှင် ၎င်းနှင့်စပ်လျဉ်း၍ စနစ်စည်းမျဉ်းသတ်မှတ်ခြင်းမျှသာ မဟုတ်ဟု လျှောက်လဲခဲ့သည်။

(ဂ) ပြည်ထောင်စုနိုင်ငံတော်အတွက် နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်းက ကိုးကားတင်ပြသော စီရင်ထုံးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုပါလီမန် (Parliament of the Dominion) ၏ ဥပဒေပြုပိုင်ခွင့်နှင့် ပြည်နယ်ဥပဒေပြုပိုင်ခွင့် (Provincial Jurisdiction) အကြား ဖြစ်ပွားသော ဥပဒေပြုပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုတွင် အောက်ပါနည်းဥပဒေသများကို ဖော်ပြထားသည်-

(၁) Tennant vs. Union Bank of Canada 1894 A.C 31 အမှုတွင် ပြည်ထောင်စုပါလီမန်သည် ပုဒ်မ ၉၁ တွင် အတိအလင်း ဖော်ပြထားသည့် ကိစ္စရပ်များအားလုံးအတွက် ဥပဒေပြုပိုင်ခွင့်ရှိပြီး ပုဒ်မ ၉၂ အရ ပြည်နယ်ဥပဒေပြုပိုင်ခွင့်အာဏာက လွှမ်းမိုးလာခြင်း မရှိနိုင်အောင် ကျယ်ပြန့်သော အာဏာရှိသည်၊

(၂) Attorney-General for Ontario vs. Attorney-General for the Domonion 1896 A.C 348 အမှုတွင် "ပုဒ်မ ၉၁ တွင် အတိအလင်းဖော်ပြထားသည့်ကိစ္စရပ်အပေါ် ပြည်ထောင်စုပါလီမန်ကဥပဒေပြုရာတွင် ပြည်နယ်ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း မတော်တဆထိပါးစေကာမူ (အဖျားအနားကျရောက်စေကာမူ) ပြည်ထောင်စုပါလီမန်က ဥပဒေပြုပိုင်ခွင့်ရှိသည်" ဟု ဆုံးဖြတ်ထားသည်၊

(၃) Grand Trunk Ry. Of Canada vs. Attorney General of Canada 1907 A.C 65 အမှုတွင် "ပြည်ထောင်စုနှင့် ပြည်နယ်တို့၏ ဥပဒေပြုပိုင်ခွင့်အာဏာချင်းထပ်နေသည့် နယ်ပယ်မျိုး၌ ကိစ္စရပ်သည် ရှင်းလင်းနေပါက နှစ်ဖက်စလုံးက အာဏာကျော်လွန်အသုံးပြုခြင်း မရှိနိုင်ပေ။ (၂ ဖက်စလုံးက ဥပဒေပြုပိုင်ခွင့်ရှိသည်။) သို့ရာတွင် ကိစ္စရပ်သည် ရှင်းလင်းခြင်းမရှိပါက ပြည်ထောင်စု၏ ဥပဒေပြုအာဏာက လွှမ်းမိုးသည်။ (ပြည်ထောင်စုကသာ ဥပဒေပြုပိုင်ခွင့်ရှိသည်။ နှစ်ဖက်စလုံးက ပြုခဲ့လျှင်လည်း ပြည်ထောင်စုဥပဒေက လွှမ်းမိုးသည်။)" ဟု ဆုံးဖြတ်ထားသည်။

**ကောက်ချက်များ**

(က) ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းရာတွင် ပါလီမန်သည် ပြည်နယ်များမှာလည်း အာဏာတည်စေရန် ရည်ရွယ်ခဲ့သည် ဟုတ် - မဟုတ်၊

(ခ) ရည်ရွယ်ခဲ့လျှင်လည်း ပါလီမန်မှာ ထိုအက်ဥပဒေကို ပြည်နယ်များအတွက် ပြဋ္ဌာန်းရန် အာဏာ ရှိ - မရှိ။

**သုံးသပ်ချက်**

(၁) ပထမကောက်ချက်ဖြစ်သည့် ၁၉၄၈ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းရာတွင် ပါလီမန်သည် ပြည်နယ်များမှာလည်း အာဏာတည်စေရန် ရည်ရွယ်ခဲ့သည် ဟုတ်-မဟုတ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သုံးသပ်ထားပါသည် -

၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မငယ် (၂) မှာ အောက်ပါအတိုင်းဖြစ်သည် -

"ဤအက်ဥပဒေကို နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာသတ်မှတ်သည့်နေ့တွင် အတည်ဖြစ်ရမည့်ပြင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါဝင်သော အရပ်ဒေသကို ပိုင်းခြားပြီး နေ့ရက်များကို ခွဲခြား၍ သတ်မှတ်နိုင်သည်။"

"၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံတော်အက်ဥပဒေအမှတ် ၁ ပုဒ်မ ၃ အရ အက်ဥပဒေတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အာဏာတည်သည်။ မိမိတို့ အထဲမှာပင်လျှင် ထိုသို့ အာဏာမတည်ကြအောင် အတိအလင်းပြဋ္ဌာန်းချက်ပါရှိမှသာလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အာဏာမတည်ဘဲရှိနိုင်သည်။ ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေမှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အာဏာမတည်စေရန် အတိအလင်းပြဋ္ဌာန်းချက်တစ်စုံတစ်ရာမပါချေ။

သည့်မျှမကသေး ထိုအက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မငယ် (၂) မှာလည်း "နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာသတ်မှတ်သည့်နေ့တွင် အတည်ဖြစ်ရမည့်ပြင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါဝင်သောအရပ်ဒေသကိုပိုင်းခြားပြီး၊ နေ့ရက်များကိုခွဲခြား၍ သတ်မှတ်နိုင်သည်။" ဟု အတိအလင်းပါရှိသည်။ သို့အတွက် ပါလီမန်သည် ပြည်နယ်များ အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးတွင် ထိုအက်ဥပဒေအာဏာတည်စေရန် ရည်ရွယ်ကြောင်း ထင်ရှားသည်။

ပြည်နယ်များအတွင်းရှိ လယ်ယာမြေများကို ပြည်နယ်များကသာပိုင်၍ ပြည်နယ်များကသာ ပြန်လည်သိမ်းယူနိုင်မည်ဆိုရာမှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ

ဥပဒေ ပုဒ်မ ၂၂၄ အရ လယ်မြေများကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကသာလျှင် ပိုင်ဆိုင်သည်။ ပုဒ်မ ၂၂၄ မှာ အောက်ပါအတိုင်းဖြစ်သည် -

**“ဤအခြေခံဥပဒေအာဏာတည်အံ့ဆဲဆဲကာလက မြန်မာနိုင်ငံတော်နှင့် ကရင်နီနယ်များ၏ စီရင်အုပ်ချုပ်ရေးကိစ္စအလို့ငှာ၊ ဗြိတိသျှဘုရင်မင်းမြတ်၌ သို့တည်းမဟုတ် အခြားအာဏာပိုင်တခုခု၌ တည်ရှိခဲ့သော အခွင့်အရေးများ၊ ပိုင်ဆိုင်သောပစ္စည်းများနှင့် တောင်းဆိုရယူခွင့်များသည် ဤအခြေခံဥပဒေအာဏာတည်သည်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၌ တည်ရှိရမည်။**

**အထူးအားဖြင့် သစ်တောအားလုံး၊ မြေအောက်ရှိ သတ္တုနှင့် အခြားပစ္စည်းများအားလုံး၊ ဓါတ်ဖက်ဝင် ဆေးဖက်ဝင်ရေစသော ရေများ၊ သဘာဝအင်အားတို့၏ ပင်ရင်းအခြေအမြစ်များ၊ သံလမ်းဖြင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပစ္စည်းများ၊ စာပို့ဆောင်ရေးဆိုင်ရာ ပစ္စည်းများ၊ ကြေးနန်းနှင့် ကြေးနန်းမဲ့ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ အသံလွှင့်လုပ်ငန်းဆိုင်ရာပစ္စည်းများသည်၊ ဤအခြေခံဥပဒေအာဏာတည်သည်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပစ္စည်းများ ဖြစ်ရမည်။”**

ပြည်နယ်များတွင် ၁၉၄၈ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပါ ဇယား ၂ တွင် ဖော်ပြထားသော မြေမျိုးမရှိဟု ဆိုပြီး၊ ရှမ်းပြည်နယ်ကို နမူနာပြရာမှာလည်း၊ ရှမ်းပြည်နယ်လက်စွဲ စာမျက်နှာ ၃၀-၃၁ နှင့် ၃၂ တွင်၊ ၁၈၉၉ ခုနှစ် အထက်ဗမာပြည်နှင့် အခွန်တော် (ရက်ကူလေးရှင်း) ပုဒ်မ ၂၆ ကို၊ ရှမ်းပြည်နယ်သို့ တိုးချဲ့၍ထားကြောင်း ရှမ်းပြည်နယ်တွင် နိုင်ငံတော်ပိုင်မြေများရှိကြောင်း တွေ့မြင်ရသည်။ မည်သို့ပင်ဖြစ်စေ၊ ယခုရုံးတော်ရှေ့ရှိပြဿနာမှာ၊ ထိုအက်ဥပဒေသည် ပြည်နယ်များတွင် အာဏာတည် မတည်မှုသာဖြစ်သည်။ လယ်ယာမြေတခုခု သို့မဟုတ် တမျိုးမျိုးနှင့်စပ်ဆိုင်သည်-မစပ်ဆိုင်သည် ဟူသော ပြဿနာမဟုတ်ချေ။ လယ်ယာမြေတခုခု သို့မဟုတ် တမျိုးမျိုးနှင့်စပ်ဆိုင်သည်-မစပ်ဆိုင်သည် ဟူသော ပြဿနာမှာ၊ ထိုအက်ဥပဒေ ပုဒ်မ ၁ (၂) အရ၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြည်နယ်များတွင် ထိုအက်ဥပဒေအတည်ဖြစ်ပြီးသည့်နောက်၊ ထိုလယ်ယာမြေကို သို့မဟုတ် လယ်ယာမြေမျိုးကို သိမ်းယူသောအခါမှသာလျှင် ပေါ်ပေါက်နိုင်သော ပြဿနာဖြစ်သည်။

(၂) သို့အတွက် ဤရုံးတော်သို့လွှဲအပ်သော ပြဿနာကို ဖြေရှင်းရန်၊ ပါလီမန်မှာ ထိုအက်ဥပဒေကို ပြည်နယ်များအတွက်ပါ ပြဋ္ဌာန်းနိုင်ခွင့် ရှိ မရှိကို ဝေဘန်ရမည်သာ ဖြစ်သည်။

ပါလီမန်မှာ ထိုအက်ဥပဒေကို ပြည်နယ်များအတွက်ပါပြုရန် အာဏာ ရှိ မရှိ၊ ဝေဘန်ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၂၊ ပုဒ်မငယ် (၁)၊ (၂) နှင့် ၎င်းတို့တွင် ရည်ညွှန်းသော- တတိယဇယားကို အဓိကထား၍ ဝေဘန်ရမည်။

ပုဒ်မ ၉၂ (၁) နှင့် (၂) မှာ အောက်ပါအတိုင်းဖြစ်သည် -

"(၁)။ တစ်ဆက်တည်းဖြစ်သော အောက်ပုဒ်မခွဲဖြင့်၊ ပြည်နယ်ကောင်စီများသို့ လုံးဝခွဲဝေလွှဲအပ်သော ဥပဒေပြုအာဏာမှလွဲ၍၊ ပါလီမန်တွင် ပြည်ထောင်စုတနိုင်ငံလုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံ၏ တစိတ်တဒေသအတွက်ဖြစ်စေ၊ ဥပဒေများကိုပြုရန်အာဏာရှိရမည်။

ဤပုဒ်မ၌ ရှေ့က ဖော်ပြခဲ့သော စည်းကမ်းချက်တို့၏ ယေဘုယျသဘောကို အချုပ်အချယ်မဖြစ်စေဘဲ၊ ထို့ပြင် သေချာသည်ထက်သေချာအောင်၊ တဆက်တည်းဖြစ်သော အောက်ပုဒ်မခွဲ၌မည်သို့ပင်ဆိုထားစေကာမူ၊ ပါလီမန်၌သာရှိသော ဥပဒေပြုမှုအခွင့်အာဏာသည် (ပြည်ထောင်စုဥပဒေပြုစာရင်းဟု ဖော်ပြလတ္တံ့သော) ဤအခြေခံဥပဒေ တတိယဇယားရှိ စာရင်း ၁ တွင်၊ သီးခြားရေတွက်ပြထားသော ကိစ္စအားလုံးအပေါ်၌ သက်ရောက်ပြန့်နှံ့ရမည်ဟု ကျေညာလိုက်သည်။

အဆိုပါစာရင်းတွင် သီးခြားရေတွက်ဖော်ပြထားသော ဆောင်ရွက်ဖွယ်အကြောင်းအရာအမျိုးအစားတခုခု၌၊ ပါဝင်နေသည့်ကိစ္စတစ်ခုခုသည်၊ တဆက်တည်းဖြစ်သော အောက်ပုဒ်မခွဲဖြင့် ပြည်နယ်ကောင်စီများသို့ လုံးဝခွဲဝေလွှဲအပ်ထားသည့် ပြည်နယ်ဒေသန္တရသဘောသက်ဝင်သော ဆောင်ရွက်ဖွယ်အကြောင်းအရာစာရင်းတွင် ပါဝင်သည် ဟု မမှတ်ယူရ။

(၂)။ ပြည်နယ်ဥပဒေပြုစာရင်း ဟု ဖော်ပြလတ္တံ့သော အဆိုပါဇယားရှိ စာရင်း ၂ ၌ သီးခြားရေတွက်ပြထားသည့်ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ ပြည်နယ်အတွက်သော်၎င်း၊ ပြည်နယ်၏ တစိတ်တဒေသအတွက်သော်၎င်း ၊ ဥပဒေများကို ပြုရန် ပြည်နယ်ကောင်စီ၌သာ အာဏာရှိရမည်။

ပုဒ်မ ၉၂ အရ၊ ပါလီမန်တွင် ပြည်နယ်ကောင်စီများသို့ လုံးဝခွဲဝေလွှဲအပ်သောကိစ္စများမှတပါး၊ အခြားကိစ္စအားလုံးအတွက် အက်ဥပဒေများကို ပြုရန်အာဏာရှိ၏။

တတိယဇယား စာရင်း ၁၊ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းတွင်ပါရှိသော အမှတ် ၄၀ မှာလည်း၊ (**စာရင်း ၂ - ပြည်နယ်ဥပဒေပြုစာရင်း** တွင် ရေတွက်ဖော်ပြထားခြင်းမရှိသော အခြားကိစ္စများအားလုံးပါရှိသည်)။

ပြည်နယ်ကောင်စီများမှာ **စာရင်း ၂ ပြည်နယ်ဥပဒေပြုစာရင်း** တွင် ရေတွက်ဖော်ပြထားသောကိစ္စများအတွက်သာလျှင်၊ ဥပဒေပြုရန်အာဏာရှိသည်။

တတိယဇယား **စာရင်း ၁၊ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်း** တွင် ပါရှိသော အမှတ် (၂၉) မှာ အောက်ပါအတိုင်းဖြစ်သည်။

"မြေရှင်နှင့် သီးစားတို့ဆက်ဆံရေး၊ မြေငှါးခတောင်းခံရေးတို့ပါဝင်သော **မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်း** သတ်မှတ်ရေး၊ မြေယာလွှဲပြောင်းခြင်း၊ မြေယာစွန့်လွှတ်ခြင်း၊ **မြေယာဆက်ခံစေခြင်းများ။**" သို့ရာတွင် စာရင်း ၂ ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိသော အမှတ် ၂ (၃) မှာလည်း၊ အောက်ပါအတိုင်းဖြစ်သည် -

“မြေယာ၊ မြေခွန်တော်၊ မြေယာတိုးတက်ကောင်းမွန်ရေးနှင့် လယ်ယာအမတော်ကြေးများ၊ စုပေါင်း၍ နေရာသစ်တည်ခြင်း၊ ကြွေးမြီအပေါင်အနှံမကင်းသော မြေယာပစ္စည်း အဆောက်အအုံများ၊ ရတနာသိုက်များ။”

သို့စာရင်းများတွင် အသီးအသီးပါရှိ၍နေသောကြောင့်သာလျှင်၊ ၁၉၄၈ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို၊ ပြည်နယ်များအတွက်ပါ ပြုလုပ်ရန်၊ ပါလီမန်မှာ အာဏာ ရှိ မရှိ ဟူသော ပြဿနာများ ပေါ်ပေါက်ခဲ့သည်။

ပါလီမန်မှာ ထိုအက်ဥပဒေကို၊ ပြည်နယ်များအတွက်ပါ ပြုလုပ်ရန်အာဏာ ရှိ မရှိ ဆုံးဖြတ်နိုင်ရန်၊ ထိုအက်ဥပဒေ၏ ရည်ရွယ်ချက်နှင့် အခြေခံသဘောများကို၊ ပဌမစိစစ်ရချေမည်။ ထိုအက်ဥပဒေတခုလုံးကို ခြုံ၍ကြည့်သော် ၎င်း၏ ရည်ရွယ်ချက်နှင့် အခြေခံသဘောများမှာ -

(၁)။ မိမိတို့ကိုယ်တိုင် လယ်ယာမလုပ်မကိုင်သောသူများအား၊ လယ်ယာမြေများကို ပိုင်ဆိုင်ခွင့်မပေးတော့ဘဲ၊ သူတို့ပိုင်ဆိုင်ခဲ့သော မြေများကို၊ ကိုယ်တိုင်လယ်ယာမြေ လုပ်ကိုင်သောသူများအား ဝေငှချထားရန်နှင့်၊

(၂)။ ကိုယ်တိုင်လယ်ယာမြေများ လုပ်ကိုင်သောသူများအတွက်မှာပင် တဦးလျှင် ကေ မည်မျှစီထက်ပိုမို၍၊ မပိုင်ဆိုင်စေရ ဟု သတ်မှတ်ရန် ဖြစ်သည်။

စာရင်း (၁) ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းပါ အမှတ် ၅ (၄) အရ “ပြည်ထောင်စုနိုင်ငံကိစ္စများအတွက် ပစ္စည်းရယူရေး” သည်၊ ပါလီမန်၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကျရောက်သည်။ ကိုယ်တိုင်လယ်ယာလုပ်ကိုင်သောသူများအား ဝေငှချထားရန်၊ ကိုယ်တိုင်လယ်ယာမလုပ်မကိုင်သောသူများထံမှ လယ်များကို သိမ်းယူရေးသည်လည်း၊ ပြည်ထောင်စုနိုင်ငံကိစ္စပင် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၂ (၁) အရလည်း၊ ထိုပုဒ်မ - ပုဒ်မငယ် (၂) တွင်၊ မည်သို့ပင်ပါရှိစေကာမူ၊ စာရင်း ၁ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းတွင်ပါသောကိစ္စအားလုံးအတွက်၊ ဥပဒေပြုမှုအခွင့်အာဏာသည်၊ ပါလီမန်၌သာရှိသည်။

ထိုမှတပါး၊ လယ်ယာမြေများကို ထိုကဲ့သို့ ပြန်၍သိမ်းယူခြင်းသည် ထိုအက်ဥပဒေ၏ အဓိကရည်ရွယ်ချက်မဟုတ်၊ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ ကိုယ်တိုင်လယ်ယာမလုပ်ကိုင်သောသူများ လယ်ယာမြေများကို ပိုင်ဆိုင်ခွင့်မရှိစေရ ဟူ၍၎င်း၊ ကိုယ်တိုင်လယ်ယာလုပ်ကိုင်သောသူများပင် တဦးလျှင်၊ ကေ မည်မျှစီထက် ပိုမို၍ မပိုင်ဆိုင်စေရ ဟူ၍၎င်း၊ မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းများကို ပြင်ဆင်၍ သတ်မှတ်ရန် ဖြစ်သည်။ မြေယာများကို ပြန်၍သိမ်းယူခြင်းမှာ အသစ်ပြင်သတ်မှတ်သော၊ မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းများအရ၊ မြေယာများကို မပိုင်ဆိုင်နိုင်ကြပြီဖြစ်သောသူများထံမှသာ၊ ပြန်၍သိမ်းယူခြင်း ဖြစ်သည်။ ထိုသို့ သိမ်းယူရခြင်းမှာ၊ မူလရည်ရွယ်ချက်အောင်မြင်စေရန် အထောက်အပံ့မျှသာဖြစ်သည်။

ပြည်နယ်များအတွက် လိုက်ပါဆောင်ရွက်သော၊ ပညာရှိလွှတ်တော်ရှေ့နေကြီးများ ကိုးကားတင်ပြသော စီရင်ထုံးများမှာပင်လျှင်၊ အက်ဥပဒေတရပ်သည် မည်သည့်ဥပဒေပြုအဖွဲ့၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကျရောက်သည် ဟု စီရင်ဆုံးဖြတ်ရာတွင်၊ ထိုအက်ဥပဒေ၏ "Pith and Substance" အဆီအနှစ်ကိုသာ စီစစ်ရမည်ဖြစ်ကြောင်း။ အကယ်၍ အဆီအနှစ်သည် ဥပဒေပြုအဖွဲ့တခု၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကျရောက်လျှင် - အဖျားအနားက အခြားဥပဒေပြုအဖွဲ့၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကြူးကျော်ထိပါးညိစွမ်းသော်လည်း၊ ထိုဥပဒေသည် အတည်ဖြစ်စေရမည် ဟူ၍ ပါရှိသည်။

ပြည်ထောင်စုနိုင်ငံတော်အတွက်၊ နိုင်ငံတော်ရှေ့နေချုပ်ကြီး ကိုးကားတင်ပြသော စီရင်ထုံးမှာလည်း၊ နည်းဥပဒေသ ၄ - ခုပါရှိရာ၊ အမှတ် (၁) (၃) နှင့် (၄) တို့သည်၊ ဤရုံးတော်၏ ယူဆချက်ကို ထောက်ခံသော - နည်းဥပဒေသများ ဖြစ်ကြသည်။

See Attorney – General for Canada vs. Attorney – General for British Columbia and others, 1930 A.C. 111 p.118 of which their Lordships of the Privy Council.

ဤစီရင်ထုံးသည်၊ ကနေဒါပြည်၏ အုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၁ နှင့်စပ်လျဉ်းသော စီရင်ထုံးဖြစ်သော်လည်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၂ သည်ပင်လျှင်၊ ထိုပုဒ်မပေါ်တွင် အခြေတည်ပြီး၊ ထိုပုဒ်မတွင်ပါသော၊ (For the Peace, Order and good Government) ဟူသော စည်းကမ်းသတ်စာလုံးများကို ချန်လှပ်၍ထားခြင်းအားဖြင့်၊ ပါလီမန်အား ပိုမိုကြယ်ပြန့်သော ဥပဒေပြုခွင့်အာဏာကို ပေးသော ပုဒ်မဖြစ်ချေသည်။

ထိုအက်ဥပဒေသည် အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း၊ ကိုယ်တိုင်လယ်ယာမလုပ်မကိုင်သူများ၊ လယ်ယာမြေကို မပိုင်ဆိုင်စေရ ဟူ၍၎င်း၊ လယ်ယာလုပ်သောသူများသည်လည်း၊ တဦးလျှင် ဧကမည်မျှစီထက်ပို၍ မပိုင်ဆိုင်စေရ ဟူ၍၎င်း၊ မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းကို ပြင်၍သတ်မှတ်သောဥပဒေဖြစ်သည်။ ဤသို့ ပြင်၍သတ်မှတ်သည့်အတွက်၊ မြေယာများကို ဆက်လက်၍မပိုင်ဆိုင်နိုင်ကြသောသူများရှိသည်မှန်သော်လည်း၊ ထိုသူတို့ဆက်လက်၍မပိုင်ဆိုင်နိုင်ကြခြင်းသည်၊ မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းအသစ် သတ်မှတ်ခြင်းကြောင့်သာ ဖြစ်သည်။ ထိုအက်ဥပဒေသည် လယ်ယာမြေများကို မည်သူမျှ မပိုင်ဆိုင်စေရပြီ ဟု မြေယာပိုင်ခွင့်စံနစ်ကို လုံးဝဖျက်သိမ်းသော အက်ဥပဒေ မဟုတ်ချေ။

ထိုမှတပါး၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တတိယဇယား စာရင်း ၁၊ ပြည်ထောင်စုနိုင်ငံ ဥပဒေပြုစာရင်းပါ အမှတ် ၅ (၄) အရလည်း၊ ပါလီမန်မှာ ပြည်ထောင်စုနိုင်ငံကိစ္စများအတွက် ပစ္စည်းရယူရေး အလို့ငှါ၊ ဥပဒေပြုလုပ်နိုင်ခွင့်အာဏာရှိသေးသည်။

သည်မှုသာမကသေး၊ ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေသည်၊ ပြည်ထောင်စုနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၀ တွင်ပါရှိသော၊ တောင်သူလယ်သမားများအတွက်၊ နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို အထိုက်အလျောက်တစိတ်တဒေသအားဖြင့် ကြေပြွန်အောင် ဆောင်ရွက်ပေးနိုင်စေမည့် အက်ဥပဒေတရပ်ဖြစ်ချေသည်။

အထက်တွင် ဖော်ပြခဲ့သော အကြောင်းခြင်းရာများကို ထောက်ဆ၍၊ ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ပြည်နယ်များတွင် အာဏာတည်သည်ဟု တရားသူကြီး သုံးဦးက သဘောရကြသည်။

**ဆုံးဖြတ်ချက်**

အက်ဥပဒေတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် အာဏာတည်သည်။ မိမိတို့အထဲမှာပင်လျှင် ထိုသို့ အာဏာမတည်ကြအောင် အတိအလင်းပြဋ္ဌာန်းချက်ပါရှိမှသာလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် အာဏာမတည်ဘဲ ရှိနိုင်သည်။ ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် အာဏာမတည်စေရန် အတိအလင်းပြဋ္ဌာန်းချက် တစုံတရာမပါချေ။

ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၂၄ အရ လယ်ယာမြေများကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကသာလျှင် ပိုင်ဆိုင်သည်။

လယ်ယာမြေများကို ထိုကဲ့သို့ ပြန်၍သိမ်းယူခြင်းသည် ထိုအက်ဥပဒေ၏ အဓိကရည်ရွယ်ချက်မဟုတ်၊ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ ကိုယ်တိုင်လယ်ယာမလုပ်သောသူများ လယ်ယာမြေများကို ပိုင်ဆိုင်ခွင့်မရှိစေရ ဟူ၍၎င်း၊ ကိုယ်တိုင်လယ်ယာလုပ်ကိုင်သောသူများပင် တစ်ဦးလျှင် ကေမည်မျှစီထက်ပိုမို၍ မပိုင်ဆိုင်စေရ ဟူ၍၎င်း၊ မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းများကို ပြင်ဆင်၍ သတ်မှတ်ရန်ဖြစ်သည်။ မြေယာများ ပြန်၍သိမ်းယူခြင်းမှာ အသစ်ပြင်၍သတ်မှတ်သော မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းများအရ မြေယာများကို မပိုင်ဆိုင်နိုင်ကြပြီဖြစ်သော သူများထံမှသာ ပြန်၍သိမ်းယူခြင်းဖြစ်သည်။ သို့သိမ်းယူရခြင်းမှာ မူလရည်ရွယ်ချက် အောင်မြင်စေရန် အထောက်အပံ့မျှသာ ဖြစ်သည်။

အက်ဥပဒေတရပ်သည် မည်သည့်ဥပဒေပြုအဖွဲ့၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကျရောက်သည်ဟု စီရင်ဆုံးဖြတ်ရာတွင် ထိုဥပဒေ၏ “Pith and Substance” အဆီအနှစ်ကိုသာ စီစစ်ရမည်။ အကယ်၍ အဆီအနှစ်သည် ဥပဒေပြုအဖွဲ့တခု၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကျရောက်လျှင် အဖျားအနားက အခြားဥပဒေပြုအဖွဲ့၏ ဥပဒေပြုပိုင်ခွင့်အာဏာအတွင်း ကျူးကျော်ထိပါးငြိစွန်းသော်လည်း ထိုဥပဒေသည် အတည်ဖြစ်စေရမည်။

Charles Russell v. The Queen (1881-82) L.R.7 A.C 229, Gallagher v. Lynn, (1973) A.C. 863: Attorney – General for Canada v. Attorney – General for British Columbia and others (1930) A.C, 111.

ထိုဥပဒေသည် မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းများကိုပြင်၍ သတ်မှတ်သော ဥပဒေဖြစ်သည်။ သို့ပြင်၍ သတ်မှတ်သည့်အတွက် မြေယာများကို ဆက်လက်၍ မပိုင်ဆိုင်နိုင်ကြခြင်းသည်၊ မြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းအသစ် သတ်မှတ်ခြင်းကြောင့်သာ ဖြစ်သည်။ ထိုအက်ဥပဒေသည် လယ်ယာမြေများကို မည်သူမျှမပိုင်ဆိုင်စေရပြီ ဟု မြေယာပိုင်ခွင့်စံနစ်ကို လုံးဝဖျက်သိမ်းသော အက်ဥပဒေမဟုတ်ချေ။

ပါလီမန်မှာ ပြည်ထောင်စုနိုင်ငံကိစ္စများအတွက် ပစ္စည်းရယူရေးအလို့ငှါ ဥပဒေပြုလုပ်နိုင်ခွင့်အာဏာရှိသည်။

ထိုအက်ဥပဒေသည် ပြည်ထောင်စုနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၀ တွင် ပါရှိသော တောင်သူလယ်သမားများအတွက် နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို အထိုက်အလျောက် တစိတ်တဒေသအားဖြင့် ကျေပွန်အောင် ဆောင်ရွက်ပေးနိုင်စေမည့် အက်ဥပဒေတရပ်ဖြစ်သည်။ ပြည်နယ်များတွင် အာဏာတည်သည်။

**ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု**

၁၉၄၈ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေသည် ပြည်နယ်များတွင် အာဏာတည်ကြောင်း ၁၉၅၂ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။ ယင်းဥပဒေ ပုဒ်မ ၂ အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာသည့်နေ့ရက်မှစ၍ ယင်းဥပဒေအတည်ဖြစ်သည်။ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ချက်ချပြီးနောက်ပိုင်း နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ၁၉၄၈ ခုနှစ် ဥပဒေသည် အာဏာသက်ရောက်ခဲ့ခြင်းမရှိကြောင်း တွေ့ရပါသည်။ ထို့နောက် ၁၉၅၃ ခုနှစ်တွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ပြီး ယင်းအက်ဥပဒေတွင်မူ နိုင်ငံတစ်ဝန်းလုံးတွင် အာဏာတည်ကြောင်း ပုဒ်မ ၂ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားကြောင်း တွေ့ရသည် -

"ဤအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တဝန်းလုံးနှင့် သက်ဆိုင်စေရမည်"

သို့ဖြစ်၍ ၁၉၅၃ ခုနှစ် အက်ဥပဒေပြဋ္ဌာန်းရာတွင် ယခင် ၁၉၄၈ ခုနှစ် အက်ဥပဒေကဲ့သို့ ဒွိဟသံသယမဖြစ်စေရန်အတွက် ယင်းပုဒ်မကို ထည့်သွင်းပြဋ္ဌာန်းခြင်းဖြစ်သည် ဟု ထင်မြင်ယူဆရပါသည်။

ယင်းဥပဒေပြဋ္ဌာန်းသည့် ၁၉၅၃ ခုနှစ်က နိုင်ငံတော်သမ္မတမှာ ဒေါက်တာဘဦး ဖြစ်ပြီး ၎င်းသည် လွှဲအပ်မှုအမှတ် ၁/၁၉၄၈ ကို စတင်ကိုင်တွယ်ခဲ့ရသည့် တရားဝန်ကြီးချုပ်ဖြစ်သည့်

အတွက် အလားတူပြဿနာမပေါ်ပေါက်စေရန် ယင်းသို့ ပြဋ္ဌာန်းခြင်းဖြစ်သည် ဟုလည်း ယူဆရပါသည်။

**သုံးသပ်တင်ပြချက်**

လယ်ယာမြေပိုင်ဆိုင်လုပ်ကိုင်မှုမှာ ခေတ်စနစ်အလျောက် ပြောင်းလဲမှုရှိပါသည်။ လွတ်လပ်ရေးမရမီက အရင်းရှင်ခေတ်ဖြစ်၍ လယ်ယာမြေကို လွတ်လပ်စွာ ရောင်းချခွင့်၊ လွှဲပြောင်းခွင့်ရှိကြောင်း တွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်တွင်မူ လယ်ယာမြေလက်ဝါးကြီးအုပ်မှုကို ပယ်ဖျက်ပြီး အမှန်တကယ်လယ်ယာလုပ်ကိုင် ဆောင်ရွက်သူပြည်သူများအား လယ်ယာမြေခွဲဝေချထားပေးနိုင်ရေးအတွက် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပြဋ္ဌာန်းပြီး နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရသည်။ ယင်းကာလများတွင် လယ်ယာမြေကို ရောင်းချခွင့်၊ လွှဲပြောင်းခွင့် မရှိခဲ့ပါ။ ယခုလက်ရှိပါတီစုံဒီမိုကရေစီခေတ်တွင်မူ လယ်ယာမြေဥပဒေ (ဥပဒေအမှတ် ၁၁/၂၀၁၂) ကို အသစ်ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေဖြင့် ယခင်လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို ဖျက်သိမ်းခဲ့သည်။ လက်ရှိလယ်ယာမြေဥပဒေ ပုဒ်မ ၉ အရ လယ်ယာမြေကို စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်တို့ရှိကြောင်း တွေ့ရှိရပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ လွှဲအပ်မှုကို ယင်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အာဏာတည်သည့် ၁၉၄၈ ခုနှစ်တွင်ပင် ဆောင်ရွက်ခဲ့ရသည်။ တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ် တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၁၀ (၄) အရ တရားဝန်ကြီးချုပ်အပါအဝင် တရားသူကြီး (၃) ဦးဖြင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။ အမှုစစ်ဆေးပုံမှာ အယူခံ/ပြင်ဆင်ဆောင်ရွက်ပုံနှင့်လည်း မတူ၊ မူလမှုစစ်ဆေးပုံလည်းမကျ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ အယူခံပြင်ဆင်မှုများတွင် အမှုစတင်တင်သွင်းစဉ်ကပင် အမှုကို လက်ခံရန် သင့် မသင့်ကြားနာပြီး လက်ခံသင့်မှ လက်ခံ ဆုံးဖြတ်သည်။

ယခုလွှဲအပ်မှုတွင်မူ နိုင်ငံတော်သမ္မတ၏ လွှဲအပ်ချက်အရဖြစ်၍ ကြားနာခြင်း မပြုတော့ဘဲ လက်ခံဆောင်ရွက်ရသည်။ အယူခံ/ ပြင်ဆင်မှုများတွင် အမှုလက်ခံပြီးနောက် လျှောက်ထားခံရသူအား အကြောင်းကြားစာထုတ်ဆင့်ပြီး နှစ်ဘက်လျှောက်လဲချက်ကြားနာကာ ဆုံးဖြတ်ချက်ချမှတ်သည်။ လွှဲအပ်မှုကို ဆောင်ရွက်ရာတွင် နိုင်ငံတော်ကိုယ်စား နိုင်ငံတော်ရှေ့နေချုပ်နှင့် အမှုနှင့်သက်ဆိုင်သူများ (ရှိက) အကြောင်းကြားစာပေးပို့ကာ နှစ်ဖက်မှ အချက်အလက်တင်ပြချက်များကို လက်ခံပြီး လိုအပ်ပါက ရုံးတော်သဟာယခေါ်ယူခြင်း၊ ကျွမ်းကျင်သူများအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်၍ အယူခံ/ ပြင်ဆင်မှု စစ်ဆေးပုံထက်လည်း ကျယ်ပြန့်ပြီး နှစ်ဖက် သက်သေစစ်ဆေးမှုမရှိ၍ မူလမှုစစ်ဆေးပုံလည်း မကျကြောင်း တွေ့ရပါသည်။ အမှုနှင့် သက်ဆိုင်သူမဟုတ်

ဘဲ အခြားအသင်းအဖွဲ့ (ချစ်တီးယားအသင်း) မှလည်း အမှုတွင် ပါဝင်ခွင့်ပြုရန် လျှောက်ထားပြီး ပြည်နယ်များအတွက် ပူးတွဲ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါသည်။ နစ်ဖက်လျှောက်လဲ ချက်ပေးရာတွင် စာဖြင့်ရေးသားတင်သွင်းမှုမတွေ့ရှိရသဖြင့် နှုတ်ဖြင့်ပင် လျှောက်လဲခဲ့ကြောင်း တွေ့ရသည်။ တရားလွှတ်တော်ချုပ်မှ နှစ်ဖက်တင်ပြချက်အပေါ်မူတည်၍ အမှုတွင် ဆုံးဖြတ်ရန် အဓိကအငြင်းပွားသည့်အချက် (ကောက်ချက်)များကို ထုတ်နုတ်ခဲ့သည်။ ကောက်ချက်များကို တရားမမူလမှုတွင်ကဲ့သို့ သီးခြားထုတ်နုတ်ချမှတ်ခြင်းမရှိဘဲ တရားသူကြီးအဖွဲ့မှ ညှိနှိုင်းဆွေးနွေး ပြီး ဆုံးဖြတ်ချက်တွင်သာ ဖော်ပြခဲ့ကြောင်း တွေ့ရပါသည်။ နှစ်ဖက်လျှောက်လဲချက်တွင် နှစ်ဖက်မှ တင်ပြခဲ့သည့် စီရင်ထုံးများ (နိုင်ငံခြားစီရင်ထုံးများ) အပေါ် အသေးစိတ်လေ့လာသုံးသပ်ခဲ့ကြောင်း စီရင်ဆုံးဖြတ်ချက်တွင် ဖော်ပြချက်အရ သိရှိရပါသည်။ ထို့ပြင် ဆုံးဖြတ်ရန် အချက်တစ်ချက်ချင်း အလိုက် သက်ဆိုင်ရာဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့်ဆက်စပ်ပြီး ဆုံးဖြတ်ခဲ့ခြင်းဖြစ် ကြောင်း တွေ့ရပါသည်။ စီရင်ဆုံးဖြတ်ရာတွင် အချင်းဖြစ် ဥပဒေတစ်ခုလုံးကို ခြုံ၍ ဥပဒေ၏ ရည်ရွယ်ချက်နှင့် အခြေခံသဘောများကိုပါ စဉ်းစားသုံးသပ်ဖော်ထုတ်ပြီး ဆုံးဖြတ်ခဲ့ကြောင်းမှာ လည်း မှတ်သားဖွယ်ဖြစ်ပါသည်။ ထို့ပြင် ပါလီမန်နှင့် ပြည်နယ်တို့၏ ဥပဒေပြုပိုင်ခွင့်အာဏာကို သတ်မှတ်ပြဋ္ဌာန်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၂ မှာ ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၉၁ ကို စာသားအချို့ ချန်လှပ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း စီရင်ချက်တွင် ထည့်သွင်းဖော်ပြထားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်၏ မူလဇာစ်မြစ် ကိုပင် ဖော်ထုတ်ထားကြောင်း တွေ့ရှိရပါသည်။ ထူးခြားသည်မှာ ယခုလွှဲအပ်မှုကို စတင်လက်ခံ ဆောင်ရွက်ခဲ့သည့် တရားဝန်ကြီးချုပ် ဒေါက်တာ ဘဦးမှာ အမှုဆုံးဖြတ်သည့်အချိန် ၁၉၅၂ ခုနှစ် တွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါသည်။ ခြုံ၍တင်ပြရသော် ယခု လွှဲအပ်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အများပြည်သူအကျိုးကို ရှေးရှု၍ လယ်လုပ်သူ လယ်ပိုင်ရမည် ဟူသော နိုင်ငံတော်၏အခြေခံမူကို အဓိကလက်ခံကာ ဆုံးဖြတ်ထားကြောင်း မြင်သာထင်ရှားသည့်အမှုဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း


၁။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၄၇ ခုနှစ်

၂။ ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ

၃။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ

၄။ လယ်ယာမြေဥပဒေ၊ ၂၀၁၂ ခုနှစ်

၅။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ

၆။ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေ၊ ၁၈၈၉ ခုနှစ်

၇။ မြေယာဥပဒေ ပို့ချချက်များ၊ အတွဲ (၂)၊ စတုတ္ထနှစ်ဥပဒေသင်တန်း၊ တက္ကသိုလ်စာပေးစာယူသင်တန်း၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၈၄ ခုနှစ်၊ ဩဂုတ်လ (စာ-၅၈-၅၉)